UMG
Rental Dept.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ကျပ် နှစ်ရာ့ငါးဆယ်ကျပ် K 250

( ၁ )

## "မီးစက်အရောင်းအဝယ်– နှစ်ဦးသဘောတူကတိစာချုပ်"

**Brand New Matador Generator VP-550S (Open Type) 500 KVA**

**( With Self Mounted Synchronized System) (1) Unit**

**(SO No. YGN/BSO/UNT/2023/12/0003 )**

**(Sr No. )**

**Contract No. WL-MS- 895/2023**

၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ (၁၁)ရက်နေ့တွင် ရန်ကုန်မြို့၌ အောက်အမည်ပါသူတို့က Brand New Matador Generator VP-550S (Open Type) 500KVA (1) Unit မီးစက် အရောင်းအဝယ်သဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြသည်မှာ–

**မီးစက်ရောင်းချသူ ။** ။ ဒေါ်ဝင်းသီဂီနွယ် (ဘ) ဦးဝင်းမြင့်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် — ၁၂/ရပသ (နိုင်) ०၅၈०၆၁
(for and on the behalf of Winning Way Co., Ltd.)
အမှတ်(၃၈)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ရန်ကုန်–ပုသိမ်အဝေးပြေးလမ်းမကြီး၊
ရွှေသံလွင်စက်မှုဇုန်၊လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

**မီးစက်ဝယ်ယူသူ ။** ။ ဦးဖွဲထက်နိုင် (ဘ) ဦးရန်ကောင်းလင်း
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၁၃/မဆတ(နိုင်)၀၆၃၁၇၈
ကုမ္ပဏီအမည်– SHWE MAR GA CO.,LTD.
အမှတ်– အမှတ် (၂၀ K ) မင်္ဂလာလမ်း၊ FMI CITY ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၀၉–၉၆၇၈၅၁၁၁၁။

(မီးစက်ရောင်းချသူနှင့် မီးစက်ဝယ်ယူသူဟူသော စကားရပ်များကိုအဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဤသဘောတူစာချုပ်တွင် သီးခြားဖော်ပြထားခြင်းမရှိပါက ၎င်းတို့ကိုယ်တိုင်အသီးသီးတို့အပြင် ၎င်းတို့၏ ဇနီး/ခင်ပွန်း၊ သား/သမီးများ၊ အမွေစား/အမွေခံများ၊ ဥပဒေနှင့်အညီအကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများအားလုံး ပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

<u>အရောင်းအဝယ်ပြုတန်ဖိုးသတ်မှတ်ခြင်း</u>

၁။ မီးစက်ရောင်းချသူသည် ကုမ္ပဏီစီးပွားရေးလုပ်ငန်းအရ ရောင်းဝယ်လျက်ရှိသည့် မီးစက်ရောင်းချသူမှ ပိုင်ဆိုင်သော Brand New Matador Generator VP-550S (Open Type) 500KVA (1) Unit အတွက် တန်ဖိုးငွေ USD –73,000/- (USD – Seventy Three Thousand Only) (ကုန်သွယ်လုပ်ငန်းခွန်အပါအဝင်ဈေးနှုန်း) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေ Landed Customer Site (Mawlamyine) နှုန်းဖြင့် ရောင်းချရန်အတွက် အဆိုပြုကမ်းလှမ်းလာသည်ကို အဆိုပါ တန်ဖိုးဖြင့်ပင် ဝယ်ယူရန် မီးစက်ဝယ်ယူသူမှ သဘောတူညီသဖြင့် ယနေ့တွင် ဤသဘောတူစာချုပ်ကိုချုပ်ဆို၍ မီးစက်ဝယ်ယူသူမှ နောက်ဆက်တွဲပါ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် သဘောတူညီပြီးဖြစ်သည်ဟု မှတ်ယူဝန်ခံလျက် နှစ်ဦးသဘောတူ ရောင်းချလိုက်ပါသည်။

၂။ ဤစာချုပ်ပါ "မီးစက်"ဟူသောစကားရပ်တွင် လက်ငင်းရောင်းချသည့် မူလမီးစက်နှင့်စက်အပိုပစ္စည်းများ၊ မီးစက်ရောင်းချသူမှ လဲလှယ်တပ်ဆင်ပေးသည့် စက်အပိုပစ္စည်းများ ပါဝင်သည်ဟုမှတ်ယူရမည်။ သို့ရာတွင် မီးစက်ဝယ်ယူသူမှ မိမိသဘောအလျောက် မီးစက်ရောင်းချသူ၏ ခွင့်ပြုချက်မရရှိပဲ လဲလှယ်တပ်ဆင်ထားသည့် မီးစက်နှင့်စက်အပိုပစ္စည်းများ ပါဝင်ခြင်းမရှိစေရ။

စာမျက်နှာ(၂)သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ကျပ် ငွေနှစ်ရာ့ငါးဆယ်ကျပ် K 250



၃။ မီးစက်ရောင်းချသူက မိမိရောင်းချသော Brand New Matador Generator VP-550S (Open Type) 500KVA (1) Unit မီးစက်သည် အသစ်ဖြစ်ကြောင်းနှင့် ယင်းမီးစက်အား (၁)နှစ်ခွဲ (သို့မဟုတ်) နာရီပေါင်း (၂,၀၀၀) ဧရာက် အသုံးပြုပြီးသည်အထိ အာမခံပါသည်။ ဧရာက်သည့်နေ့ဆိုသည်မှာ စတင်မီးစက်လွှဲပြောင်းသည့်အချိန်မှစ၍ တစ်နှစ်ခွဲပြည့်မြောက်သောနေ့ (သို့မဟုတ်) အသုံးပြုနာရီ (၂,၀၀၀)ပြည့်သည့်ကာလ(နှစ်)ခု အနက်စောစွာသောရက်ကို သတ်မှတ်ခြင်း ဖြစ်ပါသည်။

၄။ မီးစက်ဝယ်ယူသူသည် မိမိဝယ်ယူသည့်မီးစက်ကို လက်ခံရရှိသည့်အခါတွင်မိမိမှာယူသည့်အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့်တိုက်ဆိုင်စစ်ဆေး၍ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးလက်ခံရမည်။

၅။ အာမခံသည့်ကာလအတွင်း မီးစက်ဝယ်ယူသူ (သို့မဟုတ်) ဝယ်ယူသူ၏ဝန်ထမ်းများ ပေါ့လျော့မှုကြောင့် ပြင်ဆင်ရာတွင် စက်အရံပစ္စည်း (Spare Parts) တစ်စုံတစ်ရာ အစားထိုးလဲလှယ်ပေးရပါက မီးစက်ဝယ်ယူသူက အဆိုပါပစ္စည်း၏တန်ဖိုးကို ပေးရန်တာဝန်ရှိကြောင်း သဘောတူညီပါသည်။ အာမခံသည့်ကာလအတွင်း ရောင်းချသူဘက်မှ Machine Error တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ရောင်းချသူဘက်မှ တာဝန်ယူ ဖြေရှင်းပေးပါမည်ကို သိရှိသဘောတူ လက်ခံရရှိပြီး ဖြစ်ပါသည်။

၆။ အာမခံသည့်ကာလအတွင်း မီးစက်ပြင်ဆင်ရန်အကြောင်းပေါ်ပေါက်ပါက ပြင်ဆင်ရမည့်မီးစက်၏ တည်ရှိရာ နေရာသည် ရောင်းချသည့်ကုမ္ပဏီသို့မဟုတ် ကုမ္ပဏီရုံးခွဲတည်ရှိရာနေရာမှ မိုင်(၄၀)အတွင်းဖြစ်လျှင် ကုမ္ပဏီ အလုပ်သမားများသည် စက်ကိုအခမဲ့ပြင်ဆင်ပေးမည်ဖြစ်ပါသည်။

၇။ ရောင်းချလိုက်သည့်မီးစက်ကို ပစ္စည်းလွှဲပြောင်းလက်ခံရမည့်နေ့ရက်မှစ၍ (၁)လအတွင်း ပစ္စည်းလွှဲပြောင်း လက်ခံရယူရမည်။ ပစ္စည်းလွှဲပြောင်း လက်ခံရမည့်နေ့မှ (၂)လအတွင်း ပစ္စည်းလွှဲပြောင်း လက်ခံရယူခြင်း မရှိပါက အခြားဝယ်ယူမည့်သူများသို့ မီးစက်ကိုလွှဲပြောင်းရောင်းချမည်ဖြစ်ပြီး နောက်တစ်ကြိမ်ပစ္စည်းလက်ခံရရှိသည့်အခါမှသာ မီးစက်ကိုရရှိနိုင်မည်ဖြစ်ကြောင်း မီးစက်ဝယ်ယူသူမှ သဘောတူပါသည်။

<u>ငွေပေးချေခြင်းစနစ်</u>

၈။ မီးစက်ဝယ်ယူသူသည် Brand New Matador Generator VP-550S (Open Type) 500KVA (1) Unit အတွက် ကျသင့်တန်ဖိုးငွေ 100% ဖြစ်သော USD –73,000/- (USD – Seventy Three Thousand Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့် ၂၀၂၃ ခုနှစ် ၊ ဒီဇင်ဘာလ စာချုပ်ချုပ်ဆိုချိန်တွင် ရောင်းချသူ၏ ရန်ကုန်ရုံးသို့ ပေးချေရန် သဘောတူညီပါသည်။

<u>ရောင်းချသူ၏တာဝန်များ</u>

၉။ မီးစက်ရောင်းချသူသည် မီးစက်ဝယ်ယူသူထံသို့ မီးစက်ကို ၂၀၂၃ခုနှစ် ၊ ဒီဇင်ဘာလတွင် ကုမ္ပဏီ၏ ပစ္စည်းထုတ်ပြေစာနှင့်တကွ မီးစက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို စက်နှင့်အတူတစ်ပါတည်း လက်ရောက် လွှဲပြောင်းပေးအပ်ရန် သဘောတူပါသည်။

၁၀။ ဤစာချုပ်နှင့်ပူးတွဲပါစာရွက်စာတမ်းအားလုံးသည်တဆက်တစပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

၁၁။ ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များနှင့် ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက **Winning Way Co., Ltd.** အထွေထွေမန်နေဂျာ **(General Manager)** နှင့် မီးစက်ဝယ်သူဘက်မှ တာဝန်ယူ ဆုံးဖြတ်နိုင်သည့်ပုဂ္ဂိုလ်တို့၏ နှစ်ဦးနှစ်ဖက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် သဘောတူပါသည်။

စာမျက်နှာ(၃)သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း
REVENUE STAMP

၂၅၀ကျပ် နှစ်ရာငါးဆယ်ကျပ် K 250



ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို မီးစက်ရောင်းချသူနှင့်မီးစက်ဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည် ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိကောင်းစွာ နားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်ညြဖာ အသုံးပြုခြင်းစသည်တို့ လုံးဝကင်းရှင်းလျှက် မိမိတို့၏လွပ်လပ်သောသဘောဆန္ဒနှင့်အညီ အောက်ပါ အသိသက်သေများ၏ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

**မီးစက်ရောင်းချသူ**

ဒေါ်ဝင်းသိင်္ဂီနွယ် (၁၂/ရပသ (နိုင်) ၀၅၈၀၆၁)
(for and on the behalf of Winning Way Co., Ltd.)

**မီးစက်ဝယ်ယူသူ**

ဦးခွဲထက်နိုင် (၁၃/မဆတ(နိုင်)၀၆၃၁၇၈)
( Shwe Mar Ga Co.,Ltd.)

**အသိသက်သေများ**

လက်မှတ် –
အမည် – T အောင်ငြိမ်း
နငသအမှတ် – ၁၂/ဒဂရ (နိုင်) ၀၂၉၉၈၆
နေရပ် – အမှတ်(၃၈)၊ ရွှေသံလွင်စက်မှုဇုန်
– လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

လက်မှတ် –
အမည် –
နငသအမှတ် –
နေရပ် –
–

လက်မှတ် –
အမည် – သဉ္ဇာလွင်
နငသအမှတ် – ၁၂/အစန(နိုင်)၂၂၆၇၄၆
နေရပ် – အမှတ်(၃၈)၊ ရွှေသံလွင်စက်မှုဇုန်၊လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။